# ဓနခွဲဝေခြင်း

## မြန်မာ့ သဘာဝ သယံဇာတ ဝင်ငွေများ ခွဲဝေရန် အဆင့်



***သဘာဝအရင်းအမြစ်များ ထုတ်ယူရာမှ ရရှိလာသည့်
အကျိုးအမြတ်များကို ဖက်ဒရယ်ပြည်ထောင်စုမှ နှင့်အညီ
ဒေသအလိုက်မျှတစွာခွဲဝေခံစား ခွင့်ရရှိစေရမည်။***

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၂၀၁၅ ရွေးကောက်ပွဲ ကတိပြုချက်

မြန်မာနိုင်ငံ၏ သဘာဝ သယံဇာတ စီမံမှုကဏ္ဍတွင် သမိုင်းဝင် အပြောင်းအလဲများဖြစ်ပေါ်လျက်ရှိနေပါသည်။ ပြည်နယ်အဆင့် အစိုးရများနှင့် သဘာဝ သယံဇာတ ဝင်ငွေများခွဲဝေခြင်းသည် ငြိမ်းချမ်းရေး နှင့် လုံခြုံရေးအတွက်လည်း အရေးပါသည်။ စနစ်တကျဖော်ဆောင်နိုင်သည်ဆိုပါက စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်သည်


## မြန်မာအနေဖြင့် သဘာဝ သယံဇာတ ဝင်ငွေများကို နည်းမှန်လမ်းမှန်နှင့် ခွဲဝေနိုင်ရန် အဆင့် ၆ ဆင့်ရှိပါသည်။




၁။ သယံဇာတ ဝင်ငွေ အမျိုးအစား သတ်မှတ်ရွေးချယ်ခြင်း



၂။ ဗဟိုမှခွဲဝေခြင်း




၃။ အချင်းချင်းခွဲဝေခြင်း



၄။ သယံဇာတ ဝင်ငွေ အတက်အကျစီမံခြင်း



၅။ စောင့်ကြည့် ထိန်းကျောင်းမှုများ တင်းကျပ်စွာပြုလုပ်ခြင်း



၆။ နိုင်ငံအဆင့် သဘောတူညီချက် ရယူခြင်း



# အဆင့် ၁။ ခွဲဝေအသုံးချမည့် ဝင်ငွေအမျိုးအစား(အခွန်အခ) သတ်မှတ်ရွေးချယ်ခြင်း




# လက်ရှိအချိန်တွင် ရေနံ၊ ဓာတ်ငွေ့ နှင့် သတ္တုတွင်းကဏ္ဍမှ အဓိက ဝင်ငွေအမျိုးအစား ၇ မျိုးဖြင့် အကျိုးအမြတ်များ ရရှိနေသည်။



**လိုင်စင်ကြေး**

လိုင်စင်သစ်များ သို့မဟုတ် အဟောင်း သက်တမ်းတိုးရန် အတွက် ကုမ္ပဏီများက တကြိမ်တည်း တလုံးတခဲပေး သွင်းရသည်။



**နိုင်ငံတော်နှင့် အကျိုးတူပူး ပေါင်းခြင်း**

ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတွင်း လုပ်ငန်းများတွင်၊ အစိုးရ အစုရှယ်ယာမှ ရရှိသည့် အမြတ်အစွန်း။



**နိုင်ငံတော် ထုတ်ကုန်ဝေစု**

အစိုးရအနေဖြင့် တိုက်ရိုက်လက် ခံရရှိသည့် ရေနံ သို့မဟုတ် တွင်းထွက် ဝေစု။



**အခွန်တော်များ**

သယံဇာတ တန်ဖိုး သို့မဟုတ် ပမာဏ၊ အရေအတွက်ကို လိုက်ပြီး ရာခိုင်နှုန်းအလိုက် ရရှိသည့် အခွန်



**လုပ်ငန်းဝင်ငွေခွန်**

ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုကုမ္ပဏီများ၏ ဝင်ငွေပေါ်ကောက်ခံ သည့် အခွန်များ



**ဝင်ငွေခွန်**

ရေနံ၊ ဓာတ်ငွေ့ နှင့် တွင်းထွက် ထုတ်ကုန်များ ရောင်းရငွေပေါ်ေ ကာက်ခံသည့် အခွန်များ



**အကောက် ခွန်များ**

ရေနံ၊ ဓာတ်ငွေ့ နှင့် တွင်းထွက် ထုတ်ကုန်များ ပြည်ပပို့ရာတွင် စည်းကြပ်သည့် အထူးအခွန်အခ များ



## အခွန်တော်များ

အခွန်များထက်စာလျှင်
အခွန်တော်တွက်ချက်ကောက်
ခံခြင်းသည် ပို၍လွယ်ကူသည်။
အလွယ်တကူ
မှန်းဆနိုင်သကဲ့သို့ အခြားသော
ဝင်ငွေအမျိုးအစားများထက်စာ
ာလျှင် တည်ငြိမ်ပြီး
အတက်အကျနည်းသည်။



## လုပ်ငန်းဝင်ငွေခွန်


လုပ်ငန်းဝင်ငွေခွန်
တွက်ချက်ရန်မှာ
အခွန်တော်များ၊
လိုင်စင်ကြေးများ
တွက်ချက်ခြင်းထက်
သတင်းအချက်အလက်တိတ
ကျကျရရှိရန်လိုသည်။ စီမံကိန်း
အဆုံးသတ်ရန် နီးကပ်လာမှ
အမြတ်အစွန်း၊
အစုအလိုက်အမြတ်များကို
တွက်ချက်ဖော်ထုတ်နိုင်သည်။

အချို့သော ဝင်ငွေအမျိုးအစားများသည် အလွယ်တကူခွဲဝေနိုင်သော်လည်း
အချို့သောအမျိုးအစားများခွဲဝေရာတွင် အခက်အခဲများရှိနိုင်သည်။



## လိုင်စင်ကြေး

လိုင်စင်ကြေး၊
လက်မှတ်ထိုးဆုကြေးများမှာ
တွက်ချက်ရန်၊ စိစစ်ဖော်ထုတ်ရန်
အလွယ်ကူဆုံးဝင်ငွေ
အမျိုးအစားဖြစ်သည်။ ထို့ကြောင့်
ယင်းပေးသွင်းမှုများသည်
ပြည်နယ်နှင့်
တိုင်းဒေသကြီးအဆင့်တွင်
စည်းကြပ်ရန် လွယ်ကူသည့်
သဘာဝ ရှိသည်။





## ဝင်ငွေခွန်

လုပ်ငန်းဝင်ငွေခွန်
ကဲ့သို့ပင်ဝင်ငွေခွန်များသည်လည်း
ပြည်နယ် တခု သို့မဟုတ်
တိုင်းဒေသကြီးတခုရှိ စီမံကိန်း
တခုခြင်းစီအလိုက်
ချိတ်ဆက်ထားခြင်းမရှိပါ။ သဘာဝ
သယံဇာတ တူးဖော်ခြင်းမှ
အမှန်တကယ် ရရှိသည့်ပမာဏကို
ထင်ဟပ်စေနိုင်ရန်မှာ
မဖြစ်နိုင်သလောက်ဖြစ်သည်။

ဝင်ငွေအခွန်ခွဲဝေသည့် စနစ်တခု
ဖြစ်မြောက်အောင်မြင်ရန်မှာ အခွန်ကောက်ခံမှုကိုလည်း
ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။
ရရှိလာသည့် အချက်အလက်များအရတော့ မြန်မာနိုင်ငံတွင်
တွင်းထွက်များ၊ ကျောက်မျက်ရတနာ အများစုကို
အခွန်ကောက်ခံနိုင်ခြင်းမရှိသည်ကို ညွှန်ပြလျက်ရှိသည်။

ဥပမာ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာ
ဒေါ်လာ ၁၁.၈ ဘီလီယံဖိုး တင်သွင်းခဲ့သည်ဟု
တရုတ်နိုင်ငံက ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံ
အခွန်သတ်မှတ်ချက်အရ အမေရိကန်ဒေါ်လာ ၃.၈
ဘီလီယံသည် ကျောက်မျက်ပြည်ပကုန်သွယ်ခွန်အဖြစ်
နိုင်ငံတော်ဘဏ္ဍာသို့ ဝင်ရောက်ရမည်ဖြစ်သည်။
ယင်းပမာဏသည် မြန်မာနိုင်ငံ၏ ၂၀၁၃/၁၄ ခုနှစ် EITI
အစီရင်ခံစာပါ ကိန်းဂဏန်းဖြစ်သော
အမေရိကန်ဒေါ်လာသန်း ၄၀၀ နှင့်ယှဉ်လျှင်
အလွန်ကွာခြားနေသည်ကိုတွေ့ရမည်ဖြစ်သည်။







# အဆင့် ၂။
## အစိုးရအဆင့်ဆင့်ကြား ဝင်ငွေခွဲဝေခြင်း

သယံဇာတဝင်ငွေများကို ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီး၊ ဒေသန္တရအစိုးရများ အဆင့်ဆင့်ကြားခွဲဝေခြင်း (ဗဟိုမှခွဲဝေခြင်း ဟုလည်းခေါ်ဆိုသည်) ပြုလုပ်သည့်အခါတွင် ဘတ်ဂျတ်လိုငွေပြမှုများ သို့မဟုတ် အဆင်အခြင်မဲ့ သုံးစွဲမှုများမဖြစ်ပေါ်စေရန် ဝင်ငွေနှင့် အသုံးစရိတ်တာဝန်များ များတပါတည်း ပေါင်းစပ်ပေးလိုက်ရန်လိုသည်။

၂၀၀၈ အခြေခံဥပဒေအရ ပြည်နယ်နှင့်တိုင်းဒေသကြီးများအဖို့ စီမံကိန်းငယ်များဖြစ်သော ဒေသတွင်းလမ်းများ၊ ဒေသတွင်း အိမ်ရာတည်ဆောက်ခြင်း၊ စိုက်ပျိုးရေး နှင့် အပန်းဖြေစခန်းများသာ ဆောက်လုပ်နိုင်ခွင့်ရှိသည်။


ပြည်ထောင်စု မြန်မာနိုင်ငံ ဗဟိုအစိုးရသည် ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်မှ အဓိက အခွန်အခများကို တာဝန်ယူ ကောက်ခံလျက်ရှိသည်။
ပြည်နယ်နှင့်တိုင်းဒေသကြီးများအနေဖြင့် ကုန်စည်ခွန်၊ မြေခွန်၊ သဲနှင့် ကျောက်စရစ် ထုတ်လုပ်ခွန် အစရှိသည်များကိုသာ စည်းကြပ်နိုင်ကြသည်။
ပြည်ထောင်စု ရသုံးမှန်းခြေ
နိုင်ငံပိုင်လုပ်ငန်းများ
လုပ်ငန်းအမြတ်ရာခိုင်နှုန်းနှင့် လုပ်ငန်းဝင်ငွေခွန်
ဘဏ္ဍာရေး ဝန်ကြီးဌာန
လိုင်စင်ကြေး
နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းခြင်း
နိုင်ငံတော် ထုတ်ကုန်ဝေစု
အခွန်တော်များ
လုပ်ငန်းဝင်ငွေခွန်
ဝင်ငွေခွန်
အကောက်ခွန်များ



ဖိလစ်ပိုင်တွင်
နိုင်ငံအဆင့် အစိုးရ၊
ဒေသန္တရအစိုးရ
အစိုးရအဆင့် ၂
ဆင့်လုံးသည်
သတ္တုတွင်းမှ
အခွန်တော်များ
ရရှိကြသည်။

၆၀
ရာခိုင်နှုန်း


နိုင်ငံအဆင့်အစိုးရ

၄၀
ရာခိုင်နှုန်း

ဒေသန္တရ၊
ဒေသခံ အစိုးရ



လိုင်စင်ကြေး



နိုင်ငံတော်နှင့်
အကျိုးတူပူး
ပေါင်းခြင်း




နိုင်ငံတော်
ထုတ်ကုန်ဝေစု



အခွန်တော်များ



လုပ်ငန်းဝင်ငွေခွန်



ဝင်ငွေခွန်



အကောက်
ခွန်များ


## နိုင်ငံအဆင့် အစိုးရ

- အကြီးစားတူးဖော်ခွင့်များချထား ပေးနိုင်ခွင့်ရှိသည်။
- အကြီးစား စီမံကိန်းများ စောင့်ကြည့်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုအစီအစဉ်များ ဆောင်ရွက်မှုကို ကြီးကြပ်သည်။
- အသေးစားတူးဖော်ခွင့်ချပေးသည့် နယ်မြေများ၊ လိုင်စင်ချထားပေးခြင်းများတွင်ပါဝင်သည်။
- အသေးစား စီမံကိန်းများ စောင့်ကြည့်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုအစီအစဉ်များ ဆောင်ရွက်မှုကို ကြီးကြပ်သည်။

*ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းနှင့်အတူ လုပ်ပိုင်ခွင့်တာဝန်များကို ဗဟိုချုပ်ကိုင်ထားမှု လျော့ချခြင်းများလည်း ဖြစ်ပေါ်လာသည်။*

## ဒေသန္တရ/ဒေသ အစိုးရ

- အကြီးစား တူးဖော်ခွင့်များချထားပေးရာတွင် ပါဝင်အကြံပေးတိုင်ပင်ခံရသည်။
- အသေးစား စီမံကိန်းများ စောင့်ကြည့်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုအစီအစဉ်များ ဆောင်ရွက်မှုကို ကြီးကြပ်သည်။
- အသေးစားတူးဖော်ခွင့်ချပေးသည့် နယ်မြေများ၊ လိုင်စင်ချထားပေးခြင်းများတွင်ပါဝင်သည်။
- အသေးစား စီမံကိန်းများ စောင့်ကြည့်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုအစီအစဉ်များ ဆောင်ရွက်မှုကို ကြီးကြပ်သည်။





# အဆင့် ၃။
## ပြည်နယ်နှင့် တိုင်းဒေသကြီးများကြား ခွဲဝေခြင်း

ပြည်နယ်နှင့် တိုင်းဒေသကြီးများကြား သို့မဟုတ် အောက်ခြေအဆင့် အစိုးရကြားတွင် ရှင်းလင်းပြီး တန်းတူညီမျှရှိသည့် ဝင်ငွေခွဲဝေမှု ပုံစံများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်မှာ အရေးကြီးသည်။ (အချင်းချင်း ခွဲဝေခြင်း ဟုလည်း ခေါ်ဆိုကြသည်။)

သယံဇာတ ဝင်ငွေများကို ပြည်နယ်အဆင့် အစိုးရများကြားတွင် ခွဲဝေကြရာတွင် ထွက်ကုန် အခြေပြု (derivation-based) သို့မဟုတ် ကိန်းဂဏန်းအခြေပြုသည့် (indicator-based) နည်းကို အသုံးပြုကြသည်။

## ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသည် ပြည်ထောင်စု ဘတ်ဂျက်မှ အောက်ဖော်ပြပါအတိုင်းလက်ခံရရှိခဲ့သည်။

သို့သော်လည်း မြန်မာနိုင်ငံတွင် သဘာဝသယံဇာတ ဝင်ငွေများကို သီးသန့်ခွဲဝေသည့် စနစ်မရှိသေးပါ။



အင်ဒိုနီးရှားနိုင်ငံတွင် ကုန်းတွင်းရေနံဝင်ငွေများကို ထုတ်ကုန်အခြေပြုစနစ် (derivation based) ဖြင့်ခွဲဝေသည်။
ရရှိလာသည့် သယံဇာတ ဝင်ငွေ တစိတ်တပိုင်းကို ထွက်ရှိရာ မူရင်းဒေသသို့ ပြန်လည်ခွဲဝေပေးသည်။
(အင်ဒိုနီးရှားတွင် ကမ်းလွန်ရေနံမှ ရရှိသည့်ဝင်ငွေများကို ခွဲဝေခြင်းမရှိပါ)

ထုတ်ကုန်အခြေပြုစနစ်သည် အလွယ်တကူအကောင်အထည်ဖော်နိုင်သော်လည်း ဝင်ငွေ အတက် အကျ
မတည်ငြိမ်ခြင်း (boom-bust cycles) ကို ရံဖန်ရံခါ ဖြစ်ပေါ်စေတတ်သည်။

## ထုတ်လုပ်သည့်ဒေသများ



| | |
|---|---|
| ၃.၁ ရာခိုင်နှု | ထုတ်လုပ်သည့် ခရိုင် |
| ၆.၂ ရာခိုင်နှုန်း | ထုတ်လုပ်သည့် မြို့နယ် |


## ထုတ်လုပ်မှုမရှိသည့် ဒေသများ

| | |
|---|---|
| ၈ ရာခိုင်နှုန်း | ထုတ်လုပ်မှုမရှိသည့် ခရိုင် |
| ၆.၂ ရာခိုင်နှုန် | ထုတ်လုပ်သည့် ခရိုင်တွင်းမှ ထုတ်လုပ်မှုမရှိသည့် မြို့နယ်များ |

ညွှန်းကိန်း ၁ + ညွှန်းကိန်း ၂ + ညွှန်းကိန်း ၃ = သဘာဝ သယံဇာတ ဝင်ငွေ ရာခိုင်နှုန်း

သယံဇာတဝင်ငွေများကို အညွှန်းကိန်းအခြေပြုပုံစံဖြစ်လည်း ခွဲဝေနိုင်သည်။ ယင်းပုံစံဖြင့်ခွဲဝေမှုပြုရန်အတွက် အချက်အလက်အတိအကျ စုံလင်စွာရရှိရန်လိုပြီး ထုတ်လုပ်သည့် ဒေသများအတွက် ရည်ရွယ်သည့် ခွဲဝေမှုပုံစံ မဟုတ်ပါ။ ဆင်းရဲသည့်ဒေသများ အတွက်ရည်ရွယ်ပြီး အသုံးပြုနိုင်သည်။

အခွန်ဝင်ငွေနည်းသည့်ဒေသ သို့မဟုတ် သဘာဝ ဘေးဒဏ်ကို ခံရသည့် ဒေသများ အတွက်လည်း ရည်ရွယ်၍အသုံးပြုနိုင်သည်။ ဒေသများကြားတွင် သာတူညီမျှမရှိသည့် ကိစ္စရပ်များလျော့ချရန်အတွက်လည်း အသုံးပြုနိုင်သည်။




# အခဆင့် ၄
## သဘာဝသယံဇာတ ဝင်ငွေ အတက်အကျစီမံခြင်း

ထွက်ကုန်အခြေပြုခွဲဝေပေးခြင်း ပုံစံသည် ဝင်ငွေတက်လျှင်တက်သလောက် အသုံးစရိတ်မြင့်သည့် အသုံးစရိတ်များ (pro-cyclical government spending) ကို ဖြစ်ပေါ်စေနိုင်သည်။ ဝင်ငွေကောင်းလျှင်ကောင်းသလောက် သုံးစွဲခဲ့ပြီး ဝင်ငွေနည်းသည့်အခါ ဖြည့်တင်းရန်အခက်အခဲရှိသည့် သုံးစွဲမှုပုံစံဖြစ်သည်။ ပြည်သူအကျိုးရှိမည့် စီမံကိန်းများ သို့မဟုတ် ပြည်သူ့ဝန်ဆောင်မှု ကုန်ကျစရိတ် အဖြစ် သုံးစွဲရမည့် အစား ဝင်ငွေကောင်းလာသည်နှင့်အလျောက် ရရှိလာသည့် ဝင်ငွေများကို နှုန်းထားမြင့်သည့် ဆောက်လုပ်ရေးစရိတ်အဖြစ်သုံးစွဲခြင်း၊ လုပ်ခလစာ အမြင့်နှုန်းဖြင့် သုံးစွဲခြင်း၊ ရေပေါ်ဆီစီမံကိန်းများကို အကောင်အထည်ဖော်ခြင်း အစရှိသည့် ကိစ္စများတွင် အသုံးပြုခြင်းဖြစ်သည်။ ဝင်ငွေလျော့ကျသွားသည့်အခါတွင် အစိုးရသည် အသုံးစရိတ်လျော့ချမှုများ အကြမ်းပတမ်းပြုလုပ်ရခြင်း၊ အကြွေးတင်ပြီး နိုင်ငံဒုက္ခရောက်ရသည်။


## ဝင်ငွေအတက်အကျခြင်းကို
## ကိုင်တွယ်ရန်မဟာဗျူဟာအများအပြားရှိသည်။




၁။ မမျှော်လင့်ဘဲဝင်ငွေကျသွားသည်များကို ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပြည်နယ်အစိုးရအနေဖြင့် ဝင်ငွေအများအပြားဝင်လာသည့်အခါတွင် သယံဇာတ ဝင်ငွေများကို စုဆောင်းထားနိုင်သည်။



၂။ ငွေချေးခြင်း သို့မဟုတ် နိုင်ငံအကြွေးများကို ကူညီပေးဆပ်ပေးခြင်းဖြင့် ပြည်နယ်အစိုးရများသည် ဝင်ငွေအတက်အကျ ဖြစ်စဉ်များကို ကိုင်တယ်နိုင်သည်။



၃။ ပြည်ထောင်စု အစိုးရအနေဖြင့် ပြည်နယ်အစိုးရများသို့ ခွဲဝေမှုများပြုလုပ်ရာတွင် အကန့်အသတ်များဖြင့်လွှဲပြောင်းမှု (smooth transfers) များပြုလုပ်နိုင်သည်။



# အဆင့် ၅
## ပွင့်လင်းမြင်သာမှု နှင့် စောင့်ကြည့်ထိန်းကျောင်းမှုများ တင်းကျပ်စွာပြုလုပ်ခြင်း

ဝင်ငွေနှင့် ထွက်ငွေ ဝင်ငွေစီးဆင်းမှု မှန်ကန်ကြောင်းစစ်ဆေးခံနိုင်သည်ဆိုမှသာ ဝင်ငွေခွဲဝေမှု ပုံစံသည် အစိုးရ အဆင့်ဆင့်ကြား ယုံကြည်မှုတည်ဆောက်ခြင်းကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အချက်အလက်များ ဖွင့်ပြခြင်း၊ လွတ်လပ်သော စာရင်းစစ်ဝင်ခြင်း၊ တွင်းထွက်လုပ်ငန်း ပွင့်လင်းမြင်သာမှု အစီအစဉ် (Extractive Industries Transparency Initiative (EITI) တွင်ပါဝင်ခြင်း ဖြင့်သာ စောင့်ကြည့်ထိန်းသိမ်းမှုကို အားကောင်းစေမည်ဖြစ်သည်။

# အဆင့် ၆
## ဝင်ငွေ ခွဲဝေခြင်းနှင့်ပတ်သက်ပြီး နိုင်ငံအဆင့် သဘောတူညီချက် တည်ဆောက်ခြင်း



ခွဲဝေပေးသည့်စနစ်ပေါ် လိုက်၍ သဘာဝ သယံဇာတ ခွဲဝေမှုသည် ဖွံ့ဖြိုးမှု ရလဒ်များကို တောက်ပြောင်စေသည်၊ သယံဇာတ ဝင်ငွေနှင့် ပတ်သက်ပြီး ဒေသခံများ နာကျည်းမှုများကို ပြေလည်စေနိုင်ပြီး သယံဇာတ ကဏ္ဍတွင် တာဝန်သိရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်စေကာ ရေရှည်သဘောဆောင်သည့် ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေသည်။

ဘဏ္ဍာငွေ ခွဲဝေခြင်းသည် ဘရာဇီး၊ ကနေဒါ၊ ကွန်ဂို၊ အင်ဒိုနီးရှား၊ ပါပူအာ နျူးဂီနီ နှင့် ဖိလစ်ပိုင်တို့မှ တော်လှန်ရေး အဖွဲ့များ သို့မဟုတ် ခွဲထွက်ရေး အဖွဲ့များကို အကြမ်းဖက်နည်းလမ်းကို ရွေးချယ်မည့်အစား သဘာဝ သယံဇာတ ခွဲဝေမှုနှင့်ပတ်သက်ပြီး နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးရန် တွန်းအားဖြစ်စေသည်။ အဓိက အရေးကြီးသူများသည် ခွဲဝေမှုပုံစံကို သဘောမတူပါပဲလျက် ဆက်လက်အကောင်အထည်ဖော်သည်ဆိုပါက အစိုးရပေါ်တွင် မခန့်လေးစား ထင်မြင်မှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ဒေသခံများ၏ နာကျည်းမှုများကိုလည်း ဖြေရှင်းနိုင်မည်မဟုတ်ပဲ ပဋိပက္ခများကို ပို၍ကြီးထွားစေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံအဆင့်၊ ပြည်နယ် နှင့် တိုင်းဒေသကြီးအဆင့် ခေါင်းဆောင်များသည် စနစ်တခုကို ပိုင်းဂန်း ဖော်ထုတ် သဘောတူ အသုံးချရန်မှာ အရေးကြီးသည်။

Natural
Resource
Governance
Institute

ဩဂုတ်လ ၂၀၁၆

The Natural Resource Governance Institute (NRGI) သည် နိုင်ငံ၏ သဘာဝ သယံဇာတ များ၏ အကျိုးကို နိုင်ငံသားများအနေဖြင့် အပြည့်အဝ ခံစားနိုင်ရန်အတွက် နည်းပညာအကြံပေးခြင်း၊ တိုက်တွန်းခြင်း၊ အသုံးချ သုတေသနဆောင်ရွက်ခြင်း၊ မူဝါဒ ပိုင်းဆိုင်ရာ လေ့လာခြင်း၊ အရည်အသွေး ဖွံ့ဖြိုးရေးများ ဆောင်ရွက်ခြင်းခြင့် ပံ့ပိုးမှုများပြုလုပ်နေသည့် အဖွဲ့အစည်းဖြစ်သည်။ ရန်ကုန်အခြေပြုသည့် နိုင်ငံဆိုင်ရာရုံးကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်လျက် လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်သည်။

NGRI ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ - ခနခွဲဝေခြင်း၊ မြန်မာ့ သဘာဝ သယံဇာတ ဝင်ငွေခွဲဝေခြင်း အစီရင်ခံစာနှင့် အခြား သုတေသနစာဆောင်များကို www.resourcegovernance.org တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။